# အလေ့အကျင့်ကောင်းများ စာရင်း

## ပြည်နယ်/တိုင်းဒေသကြီး အစိုးရ အရာရှိများအတွက် လမ်းညွှန်ချက်

Natural Resource Governance Institute

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ရေး ခွင့်ပြုမိန့်များကို ထုတ်ပေးခွင့် ရှိလာပြီ ဖြစ်သည်။ ယခု ပြုစုထားသည့် အလေ့အကျင့်ကောင်းများ စာရင်းသည် ခွင့်ပြုမိန့် ထုတ်ပေးရာတွင် ပွင့်လင်းမြင်သာစွာဖြင့် ထိထိရောက်ရောက် ထုတ်ပေးနိုင်ရန်အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

### လုပ်ထုံးလုပ်နည်းများ

- ☐ အစိုးရသည် ခွင့်ပြုမိန့် လျှောက်လွှာများအတွက် ဦးရာလူစနစ်ကို ရှင်းလင်းစွာ သတ်မှတ်ထားခြင်း ရှိပါသလား။
- ☐ အစိုးရသည် လျှောက်လွှာသုံးသပ်မှု လုပ်ငန်းစဉ်အတွက် လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ထားပါသလား။
- ☐ သုံးသပ်မှု လုပ်ငန်းစဉ်တွင် ပါဝင်သည့် အစုအဖွဲ့ တစ်ခုခြင်းစီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာ သတ်မှတ်ထားပါသလား။
- ☐ လုပ်ငန်းစဉ် တစ်ဆင့်ခြင်းစီ၏ ကြာချိန်ကို ရှင်းလင်းစွာ သတ်မှတ်ထားပါသလား၊ လက်တွေ့ကျသည့် သတ်မှတ်ချက် ဖြစ်ပါသလား။
- ☐ တာဝန်ရှိသူများ လျှောက်လွှာစိစစ်ရာတွင် စာရင်း (checklists) အသုံးပြုပါသလား။
- ☐ တာဝန်ရှိသူများသည် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များ လိုက်နာမှု ရှိမရှိ စစ်ဆေးပါသလား။
- ☐ တာဝန်ရှိသူများသည် မြေယာအခွင့်အရေးကို စစ်ဆေးပါသလား (ရိုးရာဓလေ့ထုံးတမ်း အခွင့်အရေးများ အပါအဝင်)
- ☐ ဦးရာလူစနစ်ဖြင့် ခွင့်ပြုရာတွင် ခွင့်ပြုချက်မရပဲ တူးဖော်နေသည့် တူးဖော်သူများ နှင့်/သို့မဟုတ် ဒေသခံများ အတွက် အကာအကွယ်ပေးသည့် သတ်မှတ်ချက်များ ပါဝင်ပါသလား။
- ☐ လျှောက်ထားသူများအနေဖြင့် တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသလား။

### စနစ်များ

- ☐ စာရင်းစာအုပ်တွင် ရေးမှတ်ထားသည့် အချက်အလက်နှင့် ဒစ်ဂျစ်တယ် စာရင်းတွင် ထည့်သွင်းထားမှုသည် နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိပါသလား။
- ☐ လျှောက်လွှာ လက်ခံပြီးသည်နှင့် တပြိုင်နက် စာရင်းစာအုပ်တွင် မှတ်တမ်းတင်ပါသလား။
- ☐ လျှောက်လွှာတစ်ခုခြင်းစီအတွက် နံပါတ်စဉ် သို့မဟုတ် ခွင့်ပြုမိန့် နံပါတ် ပေးပါသလား။
- ☐ လျှောက်လွှာ လက်ခံရရှိသည့် နေရက်၊ အချိန်တို့ကို နာရီ မိနစ်နှင့်တကွ အတိအကျ ရေးမှတ်မှု ရှိပါသလား။
- ☐ လျှောက်လွှာရင်များကို စာရင်းစာအုပ်တွင် ပြန်လည် လက်မှတ်ရေးထိုးမှု ပြုလုပ်စေပါသလား။
- ☐ နေရက်နှင့် အချိန် ရိုက်နှိပ်ထားသည့် လက်ခံဖြတ်ပိုင်းကို လျှောက်ထားသူသို့ ထုတ်ပေးပါသလား။
- ☐ လျှောက်လွှာလက်ခံပြီးသည်နှင့် တပြိုင်နက် ဒစ်ဂျစ်တယ် ခွင့်ပြုမိန့်စာရင်းတွင် ထည့်သွင်းပါသလား။
- ☐ ခွင့်ပြုမိန့်ပါ ကိုဩဒိနိတ်များ မှတ်တမ်းတင်ရန် Myanmar 2000 UTM စနစ် မြေပုံကို အသုံးပြုပါသလား။
- ☐ လျှောက်လွှာများကို အတည်ပြု (သို့) ပယ်ချပြီးသည်နှင့် တပြိုင်နက် ဒစ်ဂျစ်တယ် ခွင့်ပြုမိန့်စာရင်းကို ထည့်သွင်းပါသလား။

## ပွင့်လင်းမြင်သာမှု

- ☐ သက်ဆိုင်ရာ ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီးတို့၏ ဥပဒေများ၊ စည်းကမ်းများ၊ ကြေညာချက်များ (အပြည့်အစုံ၊ အကျဉ်းချုပ်) ကို အစိုးရရုံးများ၊ အွန်လိုင်းတွင် ပြည်သူများ လေ့လာနိုင်ရန် ထုတ်ပြန်ထားပါသလား။
- ☐ လုပ်ထုံးလုပ်နည်းများ၊ သုံးသပ်မှု စံနှုန်းများ၊ ဌာနအလိုက် တာဝန်များကို အစိုးရရုံးများ၊ အွန်လိုင်းတွင် ပြည်သူများ လေ့လာနိုင်ရန် ထုတ်ပြန်ထားပါသလား။
- ☐ တာဝန်ရှိသူများသည် ကိုယ်ကျိုးစီးပွား ပတ်သက်မှု ကင်းရှင်းကြောင်း ကြေညာရန် လိုပါသလား။
- ☐ စာရင်းစာအုပ်၊ ခွင့်ပြုမိန့်ဆိုင်ရာ မြေပုံများကို သက်ဆိုင်ရာ အစိုးရ ရုံးများတွင် အများပြည်သူ လေ့လာနိုင်ရန် ထုတ်ပြန်ထားပါသလား။
- ☐ လျှောက်ထားဆဲ ခွင့်ပြုမိန့်၊ ချထားပေးပြီးဖြစ်သော ခွင့်ပြုမိန့်၊ သက်တမ်းလွန် ခွင့်ပြုမိန့်များ စာရင်းကို အစိုးရ ရုံးများနှင့် အွန်လိုင်းတွင် အချိန်မှန် ထုတ်ပြန်မှု ပြုလုပ်ပါသလား။
- ☐ အစိုးရများသည် အခွန်ဆိုင်ရာ အချက်အလက်များကို ပုံမှန် မှတ်တမ်းတင် ထုတ်ပြန်မှု ပြုလုပ်ပါသလား။

## ညှိနှိုင်းဆောင်ရွက်မှု

- ☐ လျှောက်လွှာသုံးသပ်မှု မပြုလုပ်မီ ခွင့်ပြုမိန့် လျှောက်ထားသည့် နေရာများသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်အတွင်း ကျရောက်နေမှု ရှိမရှိကို စစ်ဆေးပါသလား။
- ☐ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဇုန် ပြင်ပသို့ ရောက်ပါက ပြည်နယ်/တိုင်းဒေသကြီး အစိုးရသည် လျှောက်လွှာသုံးသပ်မှု မပြုလုပ်မီ ပြည်ထောင်စု အစိုးရထံမှ ကင်းရှင်းကြောင်း ထောက်ခံချက် ရယူပါသလား။
- ☐ လျှောက်ထားဆဲ ခွင့်ပြုမိန့်၊ ချထားပေးပြီးဖြစ်သော ခွင့်ပြုမိန့်၊ သက်တမ်းလွန် ခွင့်ပြုမိန့် အစရှိသည့် ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များကို ပြည်ထောင်စု အစိုးရသို့ ပေးပို့ပါသလား။
- ☐ ပြည်ထောင်စုအစိုးရ၊ အကြီးစား ထုတ်လုပ်မှု ကုမ္ပဏီ၊ အသေးစား နှင့် လက်လုပ်လက်စား ထုတ်လုပ်သူများနှင့် ညှိနှိုင်းပြီး အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်အဖြစ် သတ်မှတ်မှု ပြုလုပ်ပါသလား။

## တရားဝင် တူးဖော်မှုကို အားပေးသည့် လုပ်ငန်းစဉ်

- ☐ လုပ်ထုံးလုပ်နည်းများ၊ သုံးသပ်မှု စံနှုန်း၊ ဌာနများ၏ တာဝန်၊ ကုန်ကျစရိတ်နှင့် ကြာချိန်တို့ကို တူးဖော်သူများ သိရှိအောင် ဖိဖိစီးစီး ဖြန့်ချိမှု ပြုလုပ်ပါသလား။
- ☐ တူးဖော်သူများ လျှောက်လွှာရရှိရန် ဖိဖိစီးစီး ဆောင်ရွက်မှု ရှိပါသလား။
- ☐ ကွင်းဆင်းလေ့လာမှုအတွက် ဌာနဆိုင်ရာမှ ငွေကြေး စိုက်ထုတ် သုံးစွဲပါသလား။ (လျှောက်ထားသူကို ပေးဆောင်စေခြင်းအစား)
- ☐ ခွင့်ပြုမိန့်ထုတ်ပေးခြင်း ဖြစ်စဉ်ကို ပိုမြန်ဆန်အောင်၊ ပိုသက်သာအောင်၊ ပိုလွယ်ကူအောင် ရေရှည် စီမံမှုများ ရှိပါသလား။

The Natural Resource Governance Institute (NRGI) အဖွဲ့သည် လွတ်လပ်သော၊ အကျိုးအမြတ် မရှာဖွေသော မူဝါဒအကြံပေး အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံများ၏ ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုကဏ္ဍမှ ၎င်းနိုင်ငံသားများ အကျိုးအမြတ်ခံစားမှု ရှိစေရန် ကူညီပေးသောအဖွဲ့ ဖြစ်သည်။ “သတ္တုကဏ္ဍ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း - အသေးစားနှင့် လက်လုပ်လက်စား ဓာတ်သတ္တု ထုတ်လုပ်မှု ခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ငန်းစဉ် တိုးတက်စေရန် အကြံပြုချက်များ” အစီရင်ခံစာကို **www.resourcegovernance.org** တွင် ရယူနိုင်ပါသည်။ ထပ်မံသိရှိလိုပါက Hosana Chay ကို **hchay@resourcegovernance.org** ဖြင့် မေးမြန်းနိုင်ပါသည်။